# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 17, 2020 | Volume 35, Number 13


**၁၇.၉.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၄ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၃၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၃၀/- ကျပ် |
| CBM Rate | = ၁၃၂၂.၇ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၀.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၂.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၁၂.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၅.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၄၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၉၆၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၈၉ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၉.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၄၃၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပထမအကြိမ် မြန်မာ-ကိုရီးယား ကုန်သွယ်ရေးနှင့်စက်မှုပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေးကျင်းပ




ပထမအကြိမ် မြန်မာ-ကိုရီးယား ကုန်သွယ်ရေးနှင့်စက်မှုပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေး (1st Meeting of Joint Commission for Trade and Industrial Cooperation) ကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ကိုရီးယားသမ္မတနိုင်ငံကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး Mr. Sung Yunmo တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ယခုကဲ့သို့ နှစ်နိုင်ငံ အစည်းအဝေးများ ကျင်းပခြင်းဖြင့် မြန်မာနှင့်ကိုရီးယားနိုင်ငံတို့အကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုနှင့်စွမ်းအင်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းလုံး၌ စီးပွားရေးကျဆင်းလျက်ရှိရာ မိမိတို့နှစ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် စီးပွားရေးအကျပ်အတည်းများကို ကျော်လွှားသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုနှင့်စွမ်းအင်ကဏ္ဍများတွင် နီးကပ်စွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ ယနေ့ကျင်းပသော မြန်မာ-ကိုရီးယား ကုန်သွယ်ရေးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင် အစည်းအဝေးမှတစ်ဆင့် နှစ်နိုင်ငံအစိုးရအချင်းချင်းနှင့် ပုဂ္ဂလိကကဏ္ဍများအကြား ခိုင်မာသည့်ကွန်ရက်ကို တည်ထောင်ကာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး Mr.Sung Yunmo က ကိုရီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် အထည်ချုပ်

လုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများစွာတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကြောင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာခြင်းဖြစ်ကြောင်း၊ Korea Desk ထူထောင်ပြီးနောက် မြန်မာနိုင်ငံ ရှိ ကိုရီးယားစီးပွားရေးလုပ်ငန်းများကို ပိုမိုပံ့ပိုးကူညီပေးနိုင်မည့်အပြင် မြန်မာ့ထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်ရေး အတွက်လည်း အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုနှင့်စွမ်းအင် ကဏ္ဍ များတွင်သာမက အခြားကဏ္ဍများ၌ပါ ပိုမိုပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုများတိုးတက် လာမည်ဖြစ်ကြောင်းပြောကြားသည်။ ဆက်လက်၍ Joint General Trade Working Group Committee ပူးတွဲ အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက Joint General Trade Working Group Committee အစည်းအဝေးတွင် နှစ်ဖက်ဆွေးနွေးခဲ့သည့် ကိစ္စရပ်များဖြစ်သည့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုရည်မှန်းချက်ပန်းတိုင်ချမှတ်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာရှိသော ကုန်စည်များ ပိုမိုတင်ပို့နိုင်ရေး၊ ကုန်သွယ်မှုဆိုင်ရာဖြေလျှော့မှုအစီအမံများနှင့် Korea Desk တည်ထောင်ခြင်းဆိုင်ရာကိစ္စရပ်များ၏ ဆွေးနွေးညှိနှိုင်းရရှိမှုများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် Joint Industry Working Group Committee ပူးတွဲအဖွဲ့ခေါင်းဆောင် ကိုရီးယားသမ္မတနိုင်ငံဘက်မှ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန Department of Industry Policy ညွှန်ကြားရေးမှူးချုပ် Mr.Hwang Soo-sung က Joint Industry Working Group Committee အစည်းအဝေး တွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာအလိုက် (Myanmar-Korea Apparel Testing Research Institute- MKATRI)၊ (Technology Advice and Solutions from Korea- TASK) စီမံကိန်းများ၊ မြန်မာ့အထည်အလိပ်ကဏ္ဍ တွင် ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံနိုင်ရေး၊ စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးမှု ဆိုင်ရာကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မော်တော်ယာဉ်နှင့်သက်ဆိုင်သည့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း များဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် MSMEs အစရှိသည့်ကိစ္စရပ်များမှ ဆွေးနွေးညှိနှိုင်းရရှိမှုများကို ရှင်းလင်း တင်ပြဆွေးနွေးသည်။

ယင်းနောက် Joint Energy Working Group Committee ပူးတွဲအဖွဲ့ခေါင်းဆောင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ် စွမ်းအား စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မိမိခိုင်က Joint Energy Working Group Committee အစည်းအဝေးတွင် နှစ်ဖက် ဆွေးနွေးခဲ့ကြသည့် ဒလသဘာဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စီမံကိန်း၊ ကျောက်ဖြူ LNG လျှပ်စစ် ဓာတ်အားထုတ်လုပ် ရေးစီမံကိန်း၊ ရွှေတောင်ဓာတ်အားပေးစက်ရုံ စီမံကိန်း၊ သဘာဝဓာတ်ငွေ့လုပ်ကွက်များရှာဖွေ တူးဖော်ရေး လုပ်ငန်းများနှင့်သက်ဆိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် Economic Innovation Partnership Program (EIPP)၊ KOICA နှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ အစရှိသည့်ကိစ္စရပ်များမှ ဆွေးနွေးညှိနှိုင်း ရရှိမှုများအား ရှင်းလင်းတင်ပြ ဆွေးနွေးသည်။ ထို့နောက် နှစ်နိုင်ငံပြည်ထောင်စုဝန်ကြီးများက နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ကုန်သွယ်ရေး၊ စက်မှု၊ စွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရန်၊ စီးပွားရေး၊ လူမှုရေးတို့အား ရေရှည် တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရန်ပြောကြားပြီး ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

ယခုအစည်းအဝေးသည် ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ကိုရီးယားသမ္မတနိုင်ငံ သမ္မတမွန်ဂျေအင်း၏ မြန်မာနိုင်ငံခရီးစဉ် အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်စေရန်အတွက် လက်မှတ်ရေးထိုးခဲ့သည့် ကုန်သွယ်ရေးနှင့် စက်မှု ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင် ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ပထမဆုံးအကြိမ်ကျင်းပသည့် အစည်း အဝေးဖြစ်ပြီး နှစ်နိုင်ငံအကြား ခိုင်မာသည့်ချစ်ကြည်ရင်းနှီးမှု အရ နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုချောမွေ့စေရေး၊ ကုန်သွယ်ရေး၊ စက်မှု၊ စွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံ မှုဆိုင်ရာကဏ္ဍများတွင် ယခင်ထက်ပိုမိုပူးပေါင်း ဆောင်ရွက်ရေးတို့ကိုဆွေးနွေးနိုင်ခဲ့ကြ၍ မြန်မာ-ကိုရီးယား နှစ်နိုင်ငံစလုံးအတွက် အလွန်အကျိုးဖြစ်ထွန်းစေပြီး အောင်မြင်သည့်အစည်းအဝေးတစ်ခုဖြစ်သည်။ ယနေ့ ကျင်းပ သည့် ပူးတွဲကော်မရှင် အစည်းအဝေးမတိုင်မီ သက်ဆိုင်ရာကဏ္ဍအလိုက် Joint Working Group Committee အစည်းအဝေး များကိုလည်း စက်တင်ဘာ ၁၁ ရက်တွင်ကျင်းပခဲ့သည်။ ဒုတိယအကြိမ် မြန်မာ-ကိုရီးယား ကုန်သွယ်ရေးနှင့်စက်မှုပူးပေါင်း

ဆောင်ရွက်ရေး ပူးတွဲကော်မရှင် အစည်းအဝေးအား ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပသွားရန် ညှိနှိုင်းခဲ့ကြကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ထောပတ်သီးကို နိုင်ငံတကာစံချိန်စံညွှန်းပြည့်မီစွာ ပြည်ပနိုင်ငံများသို့တင်ပို့နိုင်ရန် ဆောင်ရွက်သွားမည်



ထောပတ်သီးကို နိုင်ငံတကာ စံချိန်စံညွှန်းပြည့်မီစွာ ပြည်ပနိုင်ငံများသို့တင်ပို့နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်ထံမှသိရသည်။ "ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တဲ့ အသင်းဝင်များ လိုက်နာရမည့် စံချိန်စံညွှန်းတွေကတော့ ပြည်ပကို တင်ပို့တဲ့အခါမှာ တင်ပို့မယ့်ဖာတွေမှာ Code နံပါတ်တွေပါမယ်။ ဥပမာ Code နံပါတ် ၁၂ မှာ လေးလုံးတစ်ကီလိုဆိုဒ် ဘယ်နှလုံးပါတယ်၊ တစ်တန်ကို ဘယ်နှဖာရှိတယ်ဆိုတာကို ဝယ်တဲ့သူတွေ တန်းသိမှာဖြစ်ပါတယ်"ဟုၡင်းကပြောသည်။

ယခင်က ထောပတ်သီးကို အလုံးရွေးချယ်၍ ကောင်းမွန်လျှင် ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိပြီး ယခုနှစ်တွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျထုပ်ပိုး၍ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်တွင်းပြည်ပဈေးကွက် ပိုမိုရှာဖွေနိုင်စေရန်နှင့် မြန်မာနိုင်ငံအတွင်း နှစ်စဉ်ထောပတ်သီးပမာဏ မည်မျှထွက်ရှိသည်ကို သိရှိနိုင်စေရန်အတွက် ထောပတ်စိုက်ကေများကို စစ်တမ်းကောက်ယူလျက်ရှိသည်။

၂၀၁၉-၂၀၂၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ ထောပတ်သီးတန်ချိန် ၅၀၀၀၀ ခန့်ထွက်ရှိရာ တန်ချိန် ၅၀၀ သာ Premium Market ရရှိခဲ့ကြောင်း၊ ၎င်းတို့ထဲ၌ ပြည်တွင်းစားသုံးခြင်းနှင့် ပြည်ပတင်ပို့ခြင်းလည်းပါဝင်ခဲ့ပြီး Premium Market ရရှိနိုင်ရန်အတွက် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စံချိန်စံညွှန်းများနှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုအပ်သည့်နည်းပညာနှင့်သတင်းအချက်အလက်များ ဖြန့်ဝေ ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/1892

## မြန်မာ့မျှစ်ခြောက် ပြည်ပနိုင်ငံများကနှစ်သက်မှုရှိပြီး ဝယ်လိုအားကောင်းလာ



ပြည်တွင်းမှထွက်ရှိသည့် မျှစ်ခြောက်ကို ပြည်ပသို့တင်ပို့ရာတွင် ဝယ်လိုအားကောင်းလာသော်လည်း ပြည်တွင်း၌ သဘာဝမျှစ်အစို ဝယ်ယူစုဆောင်းရန် အခက်အခဲများရှိနေကြောင်း ပြည်ပသို့ မျှစ်ခြောက်တင်ပို့နေသူများထံမှ သိရသည်။ လက်ရှိတွင် မျှစ်ခြောက်ကို ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်နှင့် တရုတ်နိုင်ငံတို့မှ ဝယ်ယူမှုရှိနေပြီး ဂျပန်နိုင်ငံက အရည်အသွေးနှင့်အရသာကို ပိုမိုကြိုက်နှစ်သက်မှုရှိကြောင်းသိရသည်။ ယခုဘဏ္ဍာနှစ်အတွင်း ဂျပန်နိုင်ငံသို့ မျှစ်ခြောက်တန်ချိန် ၁၅၀၀ ခန့် တင်ပို့ထားပြီး ဝယ်လိုအားကောင်းသော်လည်း မျှစ်အစို ရှာဖွေစုဆောင်းရာတွင် အခက်အခဲများရှိနေကြောင်း၊ လက်ရှိတွင် မျှစ်ခြောက်ကို ဂျပန်နိုင်ငံမှ သက်ကြီးရွယ်အိုများက ပိုမိုကြိုက်နှစ်သက်ကြသကဲ့သို့ ဂျပန်နိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနှင့်ထိုင်းနိုင်ငံသားတို့ကလည်း ဝယ်ယူမှုရှိကြောင်းသိရသည်။ "ပြည်ပဈေးကွက်ချဲ့ထွင်ဖို့ ပံ့ပိုးပေးမယ်။ ဒေသခံပြည်သူတွေလည်း အလုပ်အကိုင်ရစေမယ်"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မျှစ်လုပ်ငန်းကို နေပြည်တော်အတွင်းရှိ မြို့နယ်များ၌ အဓိကထားလုပ်ကိုင်ကြပြီး မျှစ်များကိုအချဉ်ခံကာ ပါကင်ထုပ်ပိုးသည့်စနစ်ဖြင့် လက်လီလက်ကားဖြန့်ချိလျက်ရှိသည်။ လက်ရှိ မျှစ်အစိုတစ်ပိဿာလျှင် ငွေကျပ် ၈၀၀ နှင့် ဝါးနှ

တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ခန့် ရရှိကြောင်း၊ပျဉ်းမနားမြို့နယ်ရှိ လိလိမ်၊ လွှဲကြီး၊ ရေပြောင်းပြန်၊ ဂမုန်းတောင်၊ မြေမြို့တောင်၊ စောင်တောင်ကြီး၊ မဲပေါက်၊ ပင်ရဲဆို စသည့်ဒေသများသည် ဝါးတောများ ပေါများသောနေရာဖြစ်ပြီး မျှစ်အများဆုံး ထွက်ရှိရာဒေသလည်းဖြစ်ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/1896

## ထိုင်းနိုင်ငံက မြန်မာကုန်တင်ယာဉ်များအပေါ် ကန့်သတ်မှုထပ်မံပြုလုပ်လာသဖြင့် မြန်မာဘက်မှ ပြန်လည်တုံ့ပြန်

မြန်မာဘက်ကလာသည့် ကုန်တင်ယာဉ်များကို မြန်မာယာဉ်မောင်းနှင့်တကွ ထိုင်းနိုင်ငံမယ်ဆိုင်ဘက်သို့ ပေးဝင်တော့မည်မဟုတ်ဘဲ ထိုင်းယာဉ်မောင်း နှင့် လွှဲပြောင်းကာ ဝင်ရမည်ဟု ထိုင်းနိုင်ငံဘက်က ထုတ်ပြန်လိုက်သဖြင့် မြန်မာဘက်ကလည်း အလားတူ ပြန်လည်တုံ့ပြန်ခဲ့သည်။ တစ်ရက်လျှင် ထိုင်းမော်တော်ယာဉ်များအား မြန်မာဘက်သို့ ခြောက်စီးသာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်သည့်အပြင် ထိုင်းနိုင်ငံ မယ်ဆိုင်ဘက်မှ မြန်မာနိုင်ငံ တာချီလိတ်ဘက်သို့ ဝင်ရောက်ခွင့်အတွက် ဖြတ်သန်းခွင့်မှတ်ပုံတင်ပါ ထိုင်းမော်တော်ယာဉ်များ ပြုလုပ်ရမည်ဟူ၍ဖြစ်သည်။

မြန်မာယာဉ်မောင်းများအား ထိုင်းနိုင်ငံ မယ်ဆိုင်ဘက်သို့ပေးမဝင်ဘဲ နယ်စပ်မှတစ်ဆင့် ထိုင်းယာဉ်မောင်း (သို့မဟုတ်) ထိုင်းဘက်ကမ်းတွင် နေထိုင်သည့် မြန်မာယာဉ်မောင်းများကို လွှဲပြောင်းမောင်းနှင်ခိုင်းရမည်ဟု ထိုင်းနိုင်ငံဘက်က လက်ရှိအခြေအနေအရ COVID-19 ကာကွယ်ထိန်းချုပ်နိုင်ရန် အကြောင်းပြကာ ကန့်သတ်ခြင်းဖြစ်သည်။ ယခင်တွင် မြန်မာဘက်မှ ကုန်တင်ယာဉ်များကို ယာဉ်တစ်စီးလျှင် ယာဉ်မောင်းတစ်ဦးဖြင့်သာ ဝင်ရောက်ခွင့်ပြုထားရာမှ ယခုတွင် ယာဉ်မောင်းကိုပါ ဝင်ရောက်ခွင့်မပြုတော့ဘဲ ထိုင်းဘက်မှ ယာဉ်မောင်းဖြင့် လွှဲပြောင်းမောင်းနှင်ရန် ထပ်မံကန့်သတ်ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံက ထိုသို့ထုတ်ပြန်လိုက်ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ တာချီလိတ်မြို့ဘက်ကလည်း မယ်ဆိုင်ဘက်မှ အဝင် ယာဉ်များကိုအလားတူ ပြန်လည်တုံ့ပြန်ဆောင်ရွက်သွားမည်ဟု တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောက ပြောကြားသည်။ "ကျွန်တော်တို့က မနက်ဖြန် (စက်တင်ဘာ ၁၇)က စပြီးတော့ ဟိုထိုင်းဘက်ကို ဗမာကား ခြောက်စီးပဲ သွားမယ်။ သူတို့ကိုလည်း ခြောက်စီးပဲပေးဝင်မယ်ဗျ၊ အဲဒီခြောက်စီးပဲ ခေါက်တုံ့ခေါက်ပြန်လုပ်မယ်ပေါ့။ ဝင်တဲ့အခါမှာလည်း ထိုင်းနိုင်ငံဘက်ကနေပြီးတော့မှ ယာဉ်မောင်းတွေကို ဝင်ခွင့်မပြုဘူး။ ကျွန်တော်တို့ ဗမာယာဉ်မောင်းနဲ့ ပြန်ချိန်းပြီးသွားမယ်။ ကျွန်တော်တို့ဘက်က အဲဒီလို ပြန်ဆုံးဖြတ်ထားတယ်"ဟု ၎င်းကပြောသည်။

ထိုင်းအာဏာပိုင်များက မြန်မာဘက်မှလာသည့် ကုန်တင်ယာဉ်များအားလုံးကိုလည်း ပိုးသတ်ဆေးဖျန်းပြီးမှသာ မြို့တွင်းဝင်ခွင့်ပြုမည်ဟု ကြေညာခဲ့သည်။ ထို့အပြင် မြန်မာဘက်မှ မော်တော်ယာဉ်များသည် ထိုင်းဘက်သို့ ပစ္စည်းများ သွားသည့်အခါ မြန်မာ လိုင်စင်ဖြစ်သည့် ကားများသည် ပစ္စည်းများ သယ်ယူခွင့်ရရန် ထိုင်းဘက်တွင် မှတ်ပုံတင်ရ သည်။

ထို့ကြောင့် မြန်မာဘက်က လည်း ၎င်းနည်းတူ ပြန်လည်ပြု လုပ်မည်ဖြစ်ကာ ထိုင်းလိုင်စင်နှင့် မော်တော်ယာဉ်များ အနေဖြင့် မြန်မာဘက်သို့ ဖြတ်သန်းပါက ဖြတ်သန်းခွင့်မှတ်ပုံတင်ရမည်ဖြစ်သည်။ "ကျွန်တော်တို့ဘက်ကလည်း အဲဒီလို ပြန်လုပ်မယ်ဗျ။ ထိုင်းနံပါတ်နဲ့ယာဉ်တွေ ကျွန်တော်တို့ မြန်မာနိုင်ငံထဲ ဝင်မယ်၊ ပစ္စည်းပို့ချင်တယ်ဆိုလို့ရှိရင် ကားဝင်ခွင့်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ဆီမှာ မှတ်ပုံပြန်တင်ရမယ်။ ထိုင်းဘက်ကယာဉ်တွေ ဖြတ်သန်းသွားလာခွင့် ကျွန်တော်တို့ဆီ လာတင်ရမယ်။ ဖြတ်သန်းသွားလာခွင့် လက်မှတ်ရမှပဲ ဖြတ်သန်းသွားလာခွင့်ရမယ်"ဟု တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောက ပြောသည်။

ထို့ကြောင့် မှတ်ပုံတင်သည့်အခါ လိုအပ်သည့်အချက်များကို ခရိုင်အုပ်ချုပ်ရေးမှူးကနေတစ်ဆင့် ကြညနနှင့် ပို့ဆက်ကို မည်သည့်အချက်များနှင့် ဆောင်ရွက်ရမည်ကို လုပ်ငန်းစဉ် ရေးဆွဲခိုင်းထားသည်ဟု ၎င်းကရှင်းပြသည်။ တစ်နိုင်ငံ၏ဥပဒေကို တစ်နိုင်ငံက လေးစားရန် လိုအပ်ပြီး ထိုသို့ကန့်သတ်မှုများ ပြုလုပ်လာခြင်းကြောင့် အကျိုးဆက်အားဖြင့် ကုန်စည်စီးဆင်းမှုကြာမြင့်ကာ ကုန်ဈေးနှုန်းလည်း အနည်းငယ်မြင့်တက်လာနိုင်သည်ဟု တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်ကပြောသည်။ "မြန်မာနိုင်ငံက အချုပ်အခြာအာဏာပိုင်တဲ့နိုင်ငံဖြစ်တဲ့အတွက် သူတို့ကန့်သတ်ချင်တိုင်း ကန့်သတ်လို့မရဘူး"ဟု ၎င်းက ပြောသည်။ တာချီလိတ်နှင့်မယ်ဆိုင်ကြား ကုန်စည်ကူးသန်းရေးတွင် မြန်မာနိုင်ငံဘက်မှ ကုန်တင်မှန်လုံမော်တော်ယာဉ်ငယ်

အစီးရေ ၆ဝ ခန့်နှင့် ထိုင်းနိုင်ငံဘက်မှ ကုန်တင်ယာဉ်ကြီး အစီးရေ ၁၃ဝ ကျော်မှာ နေ့စဉ်ဖြတ်သန်းလျက်ရှိသည်။

**Source:** https://7day.news/detail?id=199308

## လက်ရှိဘဏ္ဍာနှစ် ၁၁ လကျော်တွင် ရေထွက်ကုန်တင်ပို့မှုမှ ဒေါ်လာသန်း ၈ဝဝခန့်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၂ဝ နီးပါး ပိုမိုရရှိထား

လက်ရှိဘဏ္ဍာနှစ် ၁၁ လကျော်တွင် ရေထွက်ကုန်တင်ပို့မှုမှ ဒေါ်လာသန်း ၈ဝဝ ခန့် ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၂ဝ နီးပါး ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ၂ဝ၁၉-၂ဝ၂ဝ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုမှ ဒေါ်လာ ၇၉၇ ဒသမ ၈၅ သန်းရရှိထားသည်။ ယခင်နှစ် ကာလတူတွင်မူ ဒေါ်လာ ၆၇၇ ဒသမ ၉၇ဝ သန်း ရရှိထားသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ၁၁ လကျော်တွင် ပြည်ပသို့ရေထွက်ကုန်တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၁၉ ဒသမ ၉၁၂ သန်း ပိုမိုရရှိထားခြင်း ဖြစ်သည်။

ပြည်တွင်း၌ မွေးမြူရေးစွမ်းအားများကို တိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဆိုပါက မကြာမီကာလအတွင်း ရေထွက်ကုန်တင်ပို့မှုသည် တစ်နှစ်လျှင် ဒေါ်လာတစ်ဘီလျံအထိ တိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက ပြောကြားသည်။ "ပြည်တွင်းမှာလည်း မွေးမြူရေးစွမ်းအားတွေကို တိုးတက်လာအောင် ဆောင်ရွက်နိုင်မယ်ဆိုရင် မကြာခင်ကာလမှာ ဒေါ်လာတစ်ဘီလျံလောက်အထိကို တင်ပို့နိုင်မယ့် အနေအထားဖြစ်ပါတယ်" ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ ပြီးခဲ့သည့်အစိုးရ စတုတ္ထတစ်နှစ်တာ ကာလ အတွင်း ပြည်ပသို့ ငါး၊ ပုစွန် ရေထွက်ကုန် ပစ္စည်းတင်ပို့မှုမှ ဝင်ငွေဒေါ်လာသန်း ၇၃ဝ ကျော်အထိ ရရှိထားသည်။ "ရေထွက်ပစ္စည်းပေါ့။ အဲဒီမှာ ရေချိုငါးမွေးမြူရေးနှင့် ရေငန်ငါးမွေးမြူရေးတွေမှာ တိုးတက်လာခဲ့တဲ့အတွက်ကြောင့်မို့ ငါးမွေးမြူရေးပို့ကုန်ကနေမှ ရေထွက်ပစ္စည်း ပို့ကုန်ကနေမှ ပြီးခဲ့တဲ့နှစ်က ဒေါ်လာ ၇၃၂ သန်းလောက် တင်ပို့နိုင်ခဲ့ပါတယ်" ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

**Source:** https://news-eleven.com/article/192642

## မြန်မာ-ထိုင်းနယ်ခြား BP-1 နယ်စပ်ဖြတ်ကျော်ဂိတ် ပြန်လည်ဖွင့်လှစ်ပေးရန် ဒေသခံ ၅ဝဝ ကျော် လက်မှတ်ရေးထိုးတောင်းဆို

.မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ်အတွင်းရှိ မြန်မာ-ထိုင်းနယ်ခြား BP-1 နယ်စပ်ဖြတ်ကျော် ကျောက်တိုင်ဂိတ်အား ပြန်လည် ဖွင့်လှစ်ပေးရန် ဒေသခံတိုင်းရင်းသားပြည်သူ ၅၇၆ ဦးတို့က လက်မှတ်ရေးထိုး တင်ပြတောင်းဆိုထားကြောင်းသိရသည်။ "အရင်က သမ္မတဆီကိုလည်း စာနဲ့တင်ပြတယ်။ ပြည်နယ်လွှတ်တော်မှာလည်းမေးခဲ့တယ်။ ပြည်နယ်ဝန်ကြီးချုပ် ခရီးစဉ်မှာလည်း လူကိုယ်တိုင်တင်ပြခဲ့သလို မိုင်းတုံကို အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လာတုန်းကလည်း စာနဲ့ရေးတင်ပြခဲ့တယ်။ ဒေသခံရဟန်းရှင်လူအများက ဂိတ်ဖွင့်ရင် ဒေသအမှန်တိုးတက်မှာဖြစ်လို့ တိုင်းရင်းသားတွေ အတွက် တောင်းဆိုတာပါ။ လုံခြုံရေးနဲ့မူးယစ်ဆေးဝါးအကြောင်းပြတာက ရှမ်းပြည်တစ်ခွင်လုံး ဘယ်နေရာမှမကင်းပါဘူး။ တာချီလိတ်ဆို ပိုဆိုးပါတယ်။ BP-1 ဂိတ်ဖွင့်မှ ဒေသတိုးတက်မှာဖြစ်ပါတယ်" ဟု ပုံပါကျင်မြို့နေ ယခင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဟောင်း ဦးစိုင်းဝင်းမြတ်ဦးကပြောသည်။.

မိုင်းတုံမြို့နယ်သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ၄၆ မိုင် ခန့်ထိစပ်နေသော မြို့နယ်တစ်မြို့ဖြစ်ပြီး BP-1 ဂိတ်မှာ ထိုင်းနိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်နိုင်သည့် ဂိတ်များအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်းသိရသည်။ အဆိုပါ BP-1 နယ်စပ်ကျောက်တိုင်ဂိတ်မှာ အင်္ဂလိပ်အစိုးရလက်ထက် ၁၈၉ဝ ခုနှစ်များက ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ကြား ထိစပ်နေသော တောင်ထိပ်တောင်ကြားများပေါ်၌ သစ်သားဖြင့် စိုက်ထူခဲ့သည့် နယ်ခြားမှတ်တိုင်များအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ၁၉၆ဝ ခုနှစ်ခန့်တွင် ဗိုလ်ချုပ်နေဝင်းမှ လက်ရှိ နယ်ခြားကျောက်တိုင်ကို လာရောက်စိုက်ထူခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ၁၉၈၇ ခုနှစ်ခန့်တွင် နိုင်ငံတော်အစိုးရမှ ယင်းနယ်စပ်ဂိတ် BP-1 ကို ဖြတ်ကျော်၍ ထိုင်းနိုင်ငံသို့ ကျွန်းသစ်များတင်ပို့ခဲ့ပြီး ယင်းနှစ်

များတွင် နှစ်နိုင်ငံနယ်စပ်နေ ပြည်သူများစားဝတ်နေရေးအဆင်ပြေစေရန်ရည်ရွယ်၍ မိုင်းဆတ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဇင်းမယ်ခရိုင်ဝန်တို့ BP-1 နယ်စပ်တွင် တွေ့ဆုံညှိနှိုင်းပြီး နယ်စပ်ဖြတ်ကျော်ဂိတ်ကို တစ်ပတ်လျှင် ၃ ရက် ဖွင့်လှစ်ပေးခဲ့သည်ဟု သိရသည်။ ထို့နောက်၂၀၀၁ ခုနှစ်ခန့်အရောက်တွင် နယ်စပ်မတည်ငြိမ်မှုများကြောင့် BP-1 နယ်စပ်ဖြတ်ကျော်ဂိတ်ကို ယနေ့တိုင် ပိတ်ပင်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။.

BP-1 နယ်စပ်ဖြတ်ကျော်ဂိတ်သည် မိုးနဲ၊ လင်းခေး၊ မိုင်းပန်၊ မိုင်းဆတ်နှင့် မိုင်းတုံစသည့် မြို့နယ်များအတွင်းရှိ ဒေသခံ ပြည်သူများ၏ အဓိကမှီခိုအားထားရာ နယ်စပ်ဖြတ်ကျော်ဂိတ်တစ်ခုဖြစ်ပြီး ယင်းမြို့နယ်များအတွင်းရှိ ပြည်သူများ၏ စိုက်ပျိုးရေးထွက်ကုန်များကို ထိုင်းနိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ကြခြင်းဖြစ်ကြောင်းသိရသည်။ ရှမ်းပြည်နယ် တောင်ပိုင်း နှင့်အရှေ့ပိုင်းဒေသထွက် ကြက်သွန်ဖြူ ပြောင်း၊ နှမ်းစသည့် ဒေသထွက်စိုက်ပျိုးရေးကုန်များကို နှစ်စဉ်တစ်နှစ်လျှင် တန်ပေါင်း သိန်းနှင့်ချီ၍ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိရာ BP-1 ဂိတ်ပိတ်ထားခြင်းကြောင့် စိုက်ပျိုးထွက်ကုန်များကို တာချီလိတ် မြို့ဘက်သို့ကွေ့ပတ်ပြီး တင်ပို့နေရလျက်ရှိရာ မိုင်းတုံမှတာချီလိတ်သို့ တင်ပို့ခ တစ်တန်လျှင် ကျပ်တစ်သိန်းခန့် ကုန်ကျကြောင်း သိရသည်။.

ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့မှ ထိုင်းနယ်စပ် တာချီလိတ်မြို့သို့ ခရီးအကွာအဝေး ၃၈၃ မိုင်ရှိပြီး မိုင်းတုံမြို့နယ် အတွင်းရှိ နယ်ခြားမှတ်တိုင် BP-1 သို့ အကွာအဝေး ၂၇၉ မိုင်သာ ရှိကြောင်းသိရသည်။.ထို့အပြင် တာချီလိတ်နယ်စပ်မှ ထိုင်းနိုင်ငံ ဒုတိယမြို့တော် ဇင်းမယ် (ချင်းမိုင်) သို့ ၂၇၆ ကီလိုမီတာ ကွာဝေးပြီး BP-1 နယ်စပ်ဂိတ်မှ ဇင်းမယ် (ချင်းမိုင်) သို့ ၁၁၈ ကီလိုမီတာသာ ကွာဝေးသည့်အတွက် ယခု BP-1 နယ်စပ်ဖြတ်ကျော်ဂိတ်ဖွင့်လှစ်နိုင်ပါက မြန်မာနှင့်ထိုင်းနိုင်ငံအကြား ကုန်စည် စီးဆင်းမှု လျင်မြန်လာမည့်အပြင် သယ်ယူကုန်ကျစရိတ်များ သက်သာလာစေမည်ဖြစ်ပြီး ဒေသခံများအတွက် အကျိုးဖြစ်ထွန်း စေမည်ဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် BP-1 နယ်စပ်ဖြတ်ကျော်ဂိတ် ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးအတွက် သံဃာတော်များ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမား ၅၇၆ ဦးက စုပေါင်းလက်မှတ်ထိုးပြီး တာဝန်ရှိသူ များထံ တင်ပြခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/kanbawzatai/

## ကြယ်ခေါင်တွင် ကုန်ချမည့်ကားများ အမြန်ဆုံးဝင်ခွင့်ရရှိရေးအတွက် ရွှေလီကုန်ချရန် စောင့်ဆိုင်းနေသည့် ကုန်တင်ကားများ နေရာရွှေ့ပြောင်း စောင့်ဆိုင်းနိုင်ရေးစီစဉ်နေ

. မူဆယ်မြို့နှင့် ထိစပ်နေသည့် တရုတ်နိုင်ငံရွှေလီမြို့ကို Lockdown ပြုလုပ်ထားသော်လည်း နယ်စပ်ရှိကြယ်ခေါင်မှာ Lockdown တွင် မပါဝင်သည့်အတွက် ကြယ်ခေါင်တွင် ကုန်ချမည့်ကားများ အမြန်ဆုံးဝင်ရောက်ခွင့်ရရှိနိုင်ရေး ရွှေလီတွင် ကုန်ချရန် စောင့်ဆိုင်းနေသည့်ကုန်တင်ယာဉ်များကို နေရာရွှေ့ပြောင်းစောင့်ဆိုင်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အမှတ် (၁၂၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မူဆယ်) မှသိရသည်။. မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ယနေ့ စက်တင်ဘာလ ၁၆ ရက်၊ နံနက်ပိုင်းကပြုလုပ်သည့် မူဆယ်ခရိုင်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ယင်းကဲ့သို့ စီစဉ်ရခြင်း ဖြစ်သည်ဟုသိရသည်။ “ရွှေလီကားတွေ ကုန်မချနိုင်သေးခင် ကြယ်ခေါင်ကုန်ချကားတွေ အဆင်ပြေမြန်ဆန်အောင် ရည်ရွယ်ချက်နဲ့ပါ။ ဒီမှာ ကားအစီးရေ ၅၀၀ ကျော်စောင့်နေတယ်။ ရွှေလီဝင်မယ့်ကားတွေကို တိုကင်ပေးထားပြီး ပြန်ဖွင့်တာနဲ့ သူတို့ကို ဦးစားပေးသွားမယ်။ ဒီအစီအစဉ်ကို တခြားကုန်ကားတွေလည်း သတိပြုမိနိုင်အောင်ပါ။ တိုကင်အသစ် လဲထားပြီးဖြစ်တဲ့ အတွက် အတုပြုလုပ်လို့ မိရင်တော့ ဥပဒေအရ အရေးယူသွားမှာ ဖြစ်ပါတယ်” ဟု အမှတ် (၁၂၃) ယာဉ်ထိန်းတပ်ဖွဲ့စု (မူဆယ်)မှ ဒုရဲမှူးချစ်စိန်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

. လက်ရှိ မြေပြင်စာရင်းကောက်ယူမှုအရ ရွှေလီသို့ ဝင်ရောက်ရန် စောင့်ဆိုင်းနေသည့် ကုန်တင်ယာဉ် ၂၇၉ စီး ရှိနေပြီး အိုရီယမ်တယ်တိုးဂိတ်မှ ကျောက်တိုင်အထိ ကားစီးရေ ၃၈၀၊ ကျောက်တိုင်မှ နယ်စပ်ကုန်သွယ်ရေးဂိတ်အထိ ကားစီးရေ ၁၀၀ ကျော်၊ စုစုပေါင်း ကုန်တင်ယာဉ်စီးရေ ၈၀၀ ခန့်ရှိနေရာ ယနေ့ စက်တင်ဘာလ ၁၆ ရက်တွင် ကုန် မရရှိသဖြင့် တစ်စီးဝင်၊ တစ်စီးထွက် စနစ်အရ ကြယ်ခေါင်သို့ ကားစီးရေ ၂၅ စီးသာ ဝင်ရောက်နိုင်ခဲ့သည်ဟု သိရသည်။ ကြယ်ခေါင်နှင့် ရွှေလီမှာ တံတားသာ ခြားပြီး ရွှေလီမြို့ကို စက်တင်ဘာလ ၁၅ ရက်မှ စတင်၍ ၂၂ ရက်အထိ Lockdown ပြုလုပ်ထားကာ ယင်းမြို့အတွင်း

နေထိုင်သူများအားလုံးကို COVID-19 ရောဂါ ရှိ/မရှိ စစ်ဆေးရှာဖွေလျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/kanbawzatai/

## ရွှေလီအကောက်အခွန်ဂိတ် ပိတ်ပြီးနောက် ပဲနှမ်းဈေးများကျဆင်း



တရုတ်နယ်စပ်က ရွှေလီအကောက်အခွန်ဂိတ် ပိတ်ပြီးနောက် မကွေးသီးနှံဈေးကွက်အတွင်း ပဲနှမ်းဈေးနှုန်းတွေ ကျဆင်းနေတယ်လို့ မကွေးကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးကျော်ထွန်းကပြောပါတယ်။ မကွေးတိုင်းဒေသကြီးဟာ ပဲနဲ့နှမ်းကို အဓိကစိုက်ပျိုးတဲ့ဒေသဖြစ်ပြီး အဲဒီဒေသထွက်ကုန်တွေကို တရုတ်နိုင်ငံကို အဓိကတင်ပို့နေတာလည်းဖြစ်ပါတယ်။ ဒေသထွက်ပဲနှမ်းတွေကို ချင်းရွှေဟော်ဂိတ်ကနေ တရုတ်နိုင်ငံကို အဓိကပို့ဆောင်နေတာဖြစ်ပေမယ့် ရွှေလီဂိတ်ပိတ်လိုက်ရတဲ့ အခြေအနေပေါ်မူတည်ပြီး ဈေးနှုန်းကျဆင်းခဲ့သလို ဝယ်လက်အချို့ကလည်း အဝယ်ရပ်လိုက်တာတွေကြောင့် ဖြစ်တယ်လို့ဆိုပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာ(၁၅)ရက်က ရွှေလီဂိတ်ပိတ်တယ်ဆိုတဲ့ သတင်းထွက်ပေါ်လာပြီးနောက် နှမ်းသုံးတင်း (၁)အိတ်ကို ကျပ် (၁၀၀၀၀)ကျော် ဈေးကျဆင်းခဲ့ပြီး မြေပဲလုံးဆန် တစ်ပိဿာကိုကျပ် ( ၅၀) ကျပ်ဝန်းကျင် ကျဆင်းခဲ့တယ်လို့ဆိုပါတယ်။

လက်ရှိဈေးနှိမ်ဝယ်တာတွေရှိနေပြီး ကုန်စည်စီးဆင်းမှုအဆင်ပြေစေဖို့ အစိုးရဘက်က စီစဉ်ဆောင်ရွက်ပေးဖို့လိုတယ်လို့လည်း မကွေးကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးကျော်ထွန်းကပြောပါတယ်။ “တရုတ်ဘက်ကတော့ မြေပဲနှမ်းကို လိုအပ်ချက် ရှိနေတာပါတယ်။ ဒီက ဝယ်လက်တွေကတော့ လမ်းကြောင်းပိတ်တာကို အကြောင်းပြပြီး ဈေးချဝယ်တာနေတာပါ။ အစိုးရက လမ်းကြောင်းတစ်ခုကို ဂိတ်တွေမှာ စနစ်တကျကျန်းမာရေးစစ်ဆေးမှုတွေလုပ်ပြီး ကုန်စည်စီးဆင်းမှုအဆင်ပြေအောင် ဖွင့်လှစ်ပေးထားနိုင်ရင်တော့ ကောင်းတာပေါ့” လို့ ဦးကျော်ထွန်းကပြောပါတယ်။

လက်ရှိမှာ စမုံနှမ်းနက်တစ်တင်းကို ငွေကျပ် (၅၇,၀၀၀)ဝန်းကျင်၊ နှမ်းဖြူတစ်တင်းကို (၄၀,၀၀၀) ၊ မြေပဲအနီလုံးဆန်တစ်ပိဿာကို ကျပ် (၃,၁၀၀)ဝန်းကျင် ၊ အဖြူလုံးဆန်တစ်ပိဿာကို ကျပ်(၂,၈၀၀)ဝန်းကျင်နဲ့ ဆီဆန်တစ်ပိဿာကို ကျပ် (၁,၅၀၀)ဝန်းကျင်စတဲ့ ဈေးနှုန်းတွေရှိနေပြီး အရောင်းအဝယ်အေးနေတယ်လို့သိရပါတယ်။ လက်ရှိ မကွေးဈေးကွက်အတွင်းက ပဲနှမ်း အရောင်းအဝယ်အခြေအနေတွေကို မြေပဲနှမ်းရောင်းဝယ်လုပ်ကိုင်သူ ကိုထိန်လင်းအောင်အခုလိုပြောပါတယ်။ “ဈေးကကျသွားတာပေါ့။ ပိတ်သွားတယ်ဆိုတာနဲ့ အကျမှန်းထားတာပေါ့။ ဒါပေမယ့် တောင်သူမရောင်းနိုင်ရင်လည်း ပြန်တက်ပါတယ်။ အခုတော့ ဈေးကျတာကို အလွတ်ရောင်းတာပဲ။ ဒါပေမယ့် ငွေကျန်တွေရှိတော့ အားလုံးရောင်းလို့လည်းမရဘူး” လို့ပြောပါတယ်။ တရုတ်ပြည်ကို တင်ပို့ဖို့ ချင်းရွှေဟော်နဲ့ ဝမ်တိန်နယ်စပ်ဂိတ်ကတော့ လက်ရှိ အချိန်အထိ ဖွင့်လှစ်ဆဲ ဖြစ်ပါတယ်။

**Source:** https://www.facebook.com/kope.aung

## နယ်စပ်ကုန်သည်များ ရွှေလီမြို့အခြေအနေစောင့်ကြည့်ပြီး ချိန်ဆဆောင်ရွက်သင့်ဟုဆို



တရုတ်-မြန်မာ နယ်စပ်ကုန်သည်များအနေဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအစီအစဉ်အရ သီတင်းတစ်ပတ်တာ ယာယီ Lock down ချထားသော ရွှေလီမြို့၏ အခြေအနေများကိုစောင့်ကြည့်ပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းများအား ချိန်ဆဆောင်ရွက်သင့်သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယအတွင်းဝန် ဦးခင်မောင်လွင်က ဆင်ဟွာသို့ပြောကြားခဲ့သည်။ “လက်ရှိမှာ မြန်မာဘက်က ဆန်တို့သကြားတို့ ရေထွက်ပစ္စည်းတို့သွားနေတယ်၊ ရွှေလီမှာရှိတဲ့ သွင်းကုန်တွေက မြန်မာဘက်လာလို့မရဘူး၊ ကျယ်ဂေါင်ရောက်နေတဲ့ သွင်းကုန်လောက်ပဲလာလို့ရမယ်၊ အဲဒီတော့ ကုန်သည်တွေအနေနဲ့ အတော့်ကိုချင့်ချိန်ပြီး ဆောင်ရွက်ရမယ့်အနေအထားပါ၊

နောက်တစ်ချက်က ကုန်သည်တွေအနေနဲ့ တရုတ်ဘက်က ဝယ်လက်တွေပွဲစားတွေကို ကြိုပြီးချိတ်ဆက်ထားဖို့လိုတယ်၊ မူဆယ်လိုနေရာမျိုးမှာ ကုန်တွေ ဘယ်လောက် အထိထားနိုင်မလဲဆိုတာကိုလည်း ချင့်ချိန်ပြီးလုပ်ရမယ့်အနေအထားပါ" ဟု ၎င်းကပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့တွင် COVID-19 ရောဂါပိုးရှိသူ သုံးဦးတွေ့ရှိအပြီး တရုတ် အာဏာပိုင်များက ရွှေလီမြို့အဝင်အထွက်အား စက်တင်ဘာ ၁၄ ရက် ညပိုင်းမှ စတင်ပိတ်ဆို့ကာ ၁၅ ရက်နေ့တွင် ရွှေလီမြို့အား သီတင်းတစ်ပတ် ယာယီ Lockdown ချလိုက်သည့်အတွက် နယ်စပ်ပို့ကုန် သွင်းကုန်များတုံ့ဆိုင်းလျက်ရှိကြောင်း၊ ရွှေလီ၌ရှိသည့် မြန်မာနိုင်ငံဘက်သို့ ပို့ကုန်ပစ္စည်းများ ကျယ်ဂေါင်ဘက်ကိုမလာနိုင်ခြင်း၊ ကျယ်ဂေါင်သို့ရောက်နေသည့် မြန်မာကုန်စည်များလည်း ရွှေလီသို့မဝင်နိုင်ခြင်းကြောင့် ပို့ကုန်ရောသွင်းကုန်ပါ သိသိသာသာလျော့ကျသွားနိုင်ကြောင်း၊ ကျန်းမာရေးကိစ္စဖြစ်သောကြောင့် အစိုးရချင်းညှိနှိုင်းရေးမှာမဖြစ်နိုင်ကြောင်း၊ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များကို လိုက်နာကြရမည်ဖြစ်ကြောင်းလည်း ဒုတိယအတွင်းဝန်က ရှင်းလင်းဖြေကြားခဲ့သည်။

မူဆယ်မြို့ရှိ နယ်စပ်ကုန်စည်လုပ်ငန်းရှင်တစ်ဦးဖြစ်သော ဦးထွန်းဦးက "ကုန်သည်တွေအနေနဲ့ ဒီ Lock down ကို စောင့်ကြည့်စေချင်တယ်၊ တစ်ပတ်အတွင်းပြီးသွားရင် ကိစ္စမရှိပေမယ့် extension ထပ်လုပ်ရင် ကုန်စည်တွေ ပျက်စီးဆုံးရှုံးနိုင်တယ်၊ ကားသမားနဲ့ကုန်သည်နဲ့စကားပြောလာရတာတွေရှိမယ်၊ ဒါကြောင့် ရွှေလီအနေအထားပေါ်ကိုကြည့်ပြီးတော့ ချိန်ဆလုပ်ဆောင်သင့်တယ်" ဟု ဆင်ဟွာသို့ဖုန်းဖြင့် ဖြေကြားခဲ့သည်။

ရွှေလီမြို့ကို Lock Down လုပ်ထားသော်လည်း ကျယ်ဂေါင်မပါသဖြင့် ပို့ကုန်များကို ကျယ်ဂေါင်ထဲအထိ ပို့၍ရကြောင်း၊ ကျယ်ဂေါင်ထဲမှကုန်များလည်း မူဆယ်ဘက်သို့ဝင်နိုင်ကြောင်း၊ အခုအချိန်အထိ နှစ်ဘက်စလုံးမှ ကုန်ကားများအဝင်အထွက်ရှိနေဆဲဖြစ်ကြောင်း၊ ထပ်တိုးလာပါက ကျယ်ဂေါင်ရှိဂိုဒေါင်များတွင် ကုန်စည်များပြည့်သွားနိုင်ကြောင်း၊ လက်ရှိ၌ မူဆယ် ၁၀၅ မိုင်တွင် ကုန်ကားနှစ်ထောင်ကျော် သုံးထောင်ခန့်ရှိနေသဖြင့် lock down ကာလထပ်တိုးပြီး ကျယ်ဂေါင်ကဂိုဒေါင်များ ပြည့်သွားပါက ကုန်များကိုကားပေါ်မှာထားရသည့်အခါ ကားသမားနှင့်ကုန်သည်တို့ စကားပြောလာရမည်ဖြစ်ကြောင်း၊ ပုပ်သိုးနိုင်သောကုန်များလည်း ပျက်စီးဆုံးရှုံးနိုင်ကြောင်း၊ ယခုရက်ပိုင်း၌ ဆန်၊ ပြည်တွင်းထွက် သကြားနှင့်ပဲမျိုးစုံအသွားများပြီး ရေထွက်ပစ္စည်းလည်း အနည်းငယ်ပါဝင်ကြောင်း မူဆယ်-နမ့်ခမ်း ကုန်စည်ဒိုင်သတင်းများအရသိရသည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေမူကြမ်း ၃ ခုအား အိန္ဒိယလော့ဆာဘလွှတ်တော်က အတည်ပြုခြင်း

အိန္ဒိယနိုင်ငံ လော့ဆာဘလွှတ်တော်သည် စားသုံးသူရေးရာ၊ စားသောက်ကုန်နှင့် ပြည်သူ့ ဖြန့်ဖြူးမှုရေးရာ ဝန်ကြီးဌာနမှ တင်သွင်းသည့် အရေးကြီးကုန်စည်များအက်ဥပဒေ ပြင်ဆင်ချက်မူကြမ်းကို ၁၅.၉.၂၀၂၀ နေ့၌ လည်းကောင်း၊ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများဖူလုံရေး ဝန်ကြီးဌာနမှ ၅.၆.၂၀၂၀ နေ့တွင် ထုတ်ပြန်ခဲ့သည့် လယ်ယာထွက်ကုန်များ ကုန်သွယ်ရောင်းဝယ်မှုနှင့်ဈေးနှုန်းအာမခံမှုဆိုင်ရာ ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ၂ ရပ်အား အစားထိုး ပြဋ္ဌာန်းမည့် ဥပဒေမူကြမ်း ၂ ခုကို ၁၇.၉.၂၀၂၀ နေ့၌လည်းကောင်း အတည်ပြုခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၌ တောင်သူလယ်သမားများအနေဖြင့် ၎င်းတို့၏ထုတ်ကုန်များကို လယ်ယာထွက်ကုန်ဈေးကွက်ကော်မတီအက်ဥပဒေ (APMC Act) အရ သတ်မှတ်ထားသည့် ကုန်စည်ဒိုင် ဈေးကွက်များ၌သာ ရောင်းချရန် ကန့်သတ်ခံထားရပြီး ပြည်နယ်အစိုးရအသီးသီး၏ ကွဲပြားခြားနားသည့် လယ်ယာထွက်ကုန်ရောင်းဝယ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်မျိုးစုံကလည်း တောင်သူများအတွက် ပြင်ပဈေးကွက်များသို့ ထုတ်ကုန်များတင်ပို့ရောင်းချနိုင်ရန် အခက်အခဲများဖြစ်ပေါ်စေလျက်ရှိနေပါသည်။ သို့ဖြစ်ရာ တောင်သူလယ်သမားများနှင့် ကုန်သည်များက လယ်ယာထွက်ကုန်များအား ၎င်းတို့စိတ်ကြိုက် လွတ်လပ်စွာရောင်းဝယ်မှုပြုနိုင်မည့် ဂေဟစနစ်တစ်ရပ်ကို ဖန်တီးပေးနိုင်ရန်ရည်ရွယ်လျက် တောင်သူလယ်သမားများ၏ ထုတ်ကုန်များ ကုန်သွယ်ရောင်း ဝယ်မှု (မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး) ဥပဒေမူကြမ်း (Farmers' Produce Trade and Commerce (Promotion and Facilitation) Bill, 2020) အား အတည်ပြုပြဋ္ဌာန်းနိုင်ရန် တင်သွင်းခြင်းဖြစ်ကြောင်း၊ ၎င်းစနစ်က ယှဉ်ပြိုင်ရောင်းဝယ်သည့် ကုန်သွယ်မှုလမ်းကြောင်းမှတစ်ဆင့် သင့်တင့်ကောင်းမွန်သည့်ဈေးနှုန်းများကို ရရှိစေမည်ဖြစ်ပြီး

ပြည်နယ်များ၌ သတ်မှတ်ထားသည့် ကုန်စည်ဒိုင်ဈေးကွက်များအပြင် ပြည်နယ်အတွင်းနှင့် ပြည်နယ်အချင်းချင်းအကြား တောင်သူလယ်သမားများ၏ လယ်ယာထွက်ကုန်များကို လွတ်လပ်စွာကူးသန်းရောင်းဝယ်ခွင့် ရရှိစေမည်ဖြစ်ကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနမှ ဖော်ပြပါသည်။

ထို့အပြင် လယ်ယာလုပ်ငန်းကဏ္ဍ၌ရင်းနှီးမြှုပ်နှံသူများ၊ ကုန်စည်ပြုပြင်ထုတ်လုပ်သူများ၊ လက္ကားရောင်းဝယ်သူများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ အကြီးစားလက်လီရောင်းချသူများနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုများရယူခြင်းနှင့် အနာဂတ်တွင် ရိတ်သိမ်းရရှိလာမည့် လယ်ယာထွက်ကုန်များအား ရောင်းချခြင်းတို့ကို ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများအနေဖြင့် သင့်မြတ်လျော်ကန်သည့် ဈေးနှုန်းမူဘောင်တစ်ရပ်ကို ပွင့်လင်းမြင်သာစွာဖြင့် အပြန်အလှန်သဘောတူညီမှုများ လုပ်ဆောင်နိုင်စေရန်အတွက် တောင်သူလယ်သမားများ၏ (လုပ်ပိုင် ခွင့်နှင့် အကာအကွယ်ပေးရေး) ဈေးနှုန်းအာမခံမှုနှင့် လယ်ယာ ဝန်ဆောင်မှု သဘောတူညီချက်ဆိုင်ရာ ဥပဒေမူကြမ်း (Farmers (Empowerment and Protection) Agreement of Price Assurance and Farm Services Bill, 2020) ကို လွှတ်တော်သို့တင်သွင်းခြင်းဖြစ်ကြောင်း၊ ၎င်းဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးချိန်တွင် စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်တင်ရောင်းချမှုများ၌ တောင်သူလယ်သမားများ ကြုံတွေ့ရနိုင်သည့် မသေချာမှုများ၊ စွန့်စားရမှုများကို အထောက်အပံ့ပြုသည့်လုပ်ငန်းများသို့ လွှဲပြောင်းရောက်ရှိစေမည်ဖြစ်ပြီး ကြားခံအဆင့်များအားလျော့ချလျက် ဈေးကွက်သို့ တိုက်ရိုက်ဝင်ရောက်နိုင်ခြင်းဖြင့် ထုတ်ကုန်များ၏ ဈေးနှုန်းအစစ်အမှန်ကို ရရှိစေမည်ဖြစ်ကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြပါသည်။

အိန္ဒိယ စားသုံးသူရေးရာဝန်ကြီးဌာနက တင်သွင်းသည့် အရေးကြီးကုန်စည်များ (ပြင်ဆင်ချက်) ဥပဒေမူကြမ်း (Essential Commodities (Amendment) Bill, 2020) တွင် နှံစားသီးနှံများ၊ ဆီထွက်သီးနှံများ၊ စားသုံးဆီများ၊ ပဲမျိုးစုံ၊ ကြက်သွန်နီနှင့် အာလူးတို့ကဲ့သို့သော အခြေခံစားကုန် များအား အရေးကြီးကုန်စည်စာရင်းမှ ဖယ်ရှားနိုင်မည့် ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ ဤအချက်က လယ်ယာထွက်ကုန်ရောင်းဝယ်မှုဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မှုများ၌ လွန်ကဲစွာ ကြပ်မတ်မှုများရှိနေခြင်းအပေါ် ရင်းနှီးမြှုပ်နှံသူများ၏ စိုးရိမ်မှုအား လျော့ပါးစေမည်ဖြစ်ပြီး လွတ်လပ်စွာ ထုတ်လုပ်/သိုလှောင်/ သယ်ယူ/ ဖြန့်ဖြူးမှုများ ဆောင်ရွက်နိုင်ခြင်းက အအေးခန်းသိုလှောင်ရုံများနှင့် ခေတ်မီစားသောက်ကုန် ထုတ်လုပ်မှုကွင်းဆက်၌ ပြည်တွင်းပြည်ပမှ ပါဝင်ရင်းနှီးမြှုပ်နှံမှုများ ကို ဆွဲဆောင်နိုင်မည်ဖြစ်သည်။

အဆိုပါ ပြင်ဆင်ချက် ဥပဒေမူကြမ်း၌ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် (Horticulture) သီးနှံများနှင့် ပုပ်သိုးပျက်စီးလွယ်မှုမရှိသော (Non-perishable) သီးနှံများ၏ လက်လီဈေးနှုန်း များသည် ၁၀၀% နှင့် ၅၀% အသီးသီး မြင့်တက်မှုရှိချိန်နှင့် အရေးပေါ်အခြေအနေကာလများ၌ ပြည်နယ်အစိုးရများအနေဖြင့် အရေးကြီးကုန်စည်များအဖြစ်သတ်မှတ်၍ ထိန်းသိမ်းကြပ်မတ်နိုင်ကြောင်း ဖော်ပြထားသော်လည်း လယ်ယာထွက်ကုန်ရောင်းဝယ်သည့် ကုမ္ပဏီလုပ်ငန်းများ၏ သိုလှောင်ထားရှိမှုအား ကင်းလွတ်ခွင့်ပြုထားသည်။

ထိုကဲ့သို့ BJP ပါတီ ဦးဆောင်သည့် အိန္ဒိယအစိုးရက လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေမူကြမ်း ၃ ခုအား လွှတ်တော်သို့ တင်သွင်းလျက် အတည်ပြုပြဋ္ဌာန်းမှုအပေါ် ကွန်ဂရက်၊ TMC စသည့် အဓိက အတိုက်အခံပါတီများက ကန့်ကွက်ခဲ့ကြပြီး ယခုဥပဒေပြဋ္ဌာန်း၍ ဖြေလျှော့မှုများပြုလုပ်ခြင်းသည် တောင်သူလယ်သမားများ၏ အကျိုးစီးပွားထက် ကုမ္ပဏီကြီးများနှင့် နိုင်ငံစုံ ကော်ပိုရေးရှင်းကြီးများကိုသာ အဓိကအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အခြေခံစားကုန်များ အား အရေးကြီးကုန်စည်စာရင်းမှ ဖယ်ရှားခြင်းသည် သိုလှောင်ဈေးကစားမှုများအား တရားဝင်လုပ်ကိုင်ခွင့်ပြုရာရောက်ကြောင်း၊ ထို့အပြင် ယင်းသို့သော ဝိသမလုပ်ဆောင်မှုများအား ကြပ်မတ်ထိန်းချုပ်လျက်ရှိသည့် ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာကို ဗဟိုအစိုးရက လက်လွှတ်ဆုံးရှုံး စေခြင်းဖြစ်ကြောင်း၊ ဥပဒေမူကြမ်းပါအချက်များသည် ဒွိဟဖြစ်ဖွယ်ရာရှိပြီး လွှတ်တော်၏ အမြဲတမ်းကော်မတီ၌ ပြန်လည်သုံးသပ်သင့်ကြောင်း ဝေဖန်ထောက်ပြလျက်ရှိသည်။ BJP ပါတီ ဦးဆောင်သည့် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့၌ ပါဝင်လျက်ရှိသည့် Shiromani Akali Dal ပါတီကလည်း အရေးကြီးကုန်စည်များ (ပြင်ဆင်ချက်) ဥပဒေမူကြမ်း အတည်ပြုရန် တင် သွင်းမှုအပေါ် ကန့်ကွက်ခဲ့သည်။

အထောက်အပံ့ပြုမည့် အခြေခံရည်ညွှန်းဈေးနှုန်းအောက် ကျဆင်းခဲ့ပါက ၎င်းရည်ညွှန်း ဈေးနှုန်း၌ အနိမ့်ဆုံးထားရှိ၍ အစိုးရက သီးနှံများကိုဝယ်ယူပေးသည့် Minimum Support Price (MSP) အစီအစဉ်အား လယ်ယာထွက်ကုန်များ

ကုန်သွယ်ရောင်းဝယ်မှုနှင့် ဈေးနှုန်းအာမခံမှုဆိုင်ရာ အမိန့်များအရ ပယ်ဖျက်မှုရှိမည်ကို စိုးရိမ်လျက်ရှိသည့် ဟာရီယာနာနှင့် ပန်ဂျပ်ပြည်နယ်တို့ရှိ လယ်သမားသမဂ္ဂများကမူ ၁၀.၉.၂၀၂၀ နေ့မှစတင်၍ ဆန္ဒပြပွဲများ ပြုလုပ်လျက်ရှိကြပါသည်။

အိန္ဒိယ စိုက်ပျိုးရေးဝန်ကြီး Mr. Narendra Singh Tomar က ယခုတင်သွင်းခဲ့သည့် ဥပဒေ မူကြမ်းများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှ အကျိုးဖြစ်ထွန်းမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ လုပ်ကိုင်နိုင်ခွင့်ကို တံခါးဖွင့်လှစ်ပေးခြင်း ဖြစ်ပြီး လယ်ယာထွက်ကုန်များအား အတားအဆီးမရှိပဲ ပြည်တွင်း၌လွတ်လပ်စွာ ကုန်သွယ်ရောင်းဝယ်မှုပြုနိုင်စေမည်ဖြစ်ကြောင်း၊ ယခုဥပဒေမူကြမ်းပါ ပြဋ္ဌာန်းချက်များသည် အထောက်အပံ့ပြုသည့် အခြေခံရည်ညွှန်းဈေးနှုန်းအစီအစဉ် (MSP) အပေါ် သက်ရောက်မှုရှိမည်မဟုတ်ကြောင်း၊ ထို့အပြင် ပြည်နယ်များ၏ လယ်ယာထွက်ကုန်ဈေးကွက်ကော်မတီအက်ဥပဒေ (APMC Act) အရ ဆောင်ရွက်သည့် အစီအစဉ်များတွင်လည်း ဝင်ရောက်စွက်ဖက်ရန် မရှိကြောင်းဖြင့် ၁၇.၉.၂၀၂၀ နေ့ လောဘ်ဆာဘလွှတ်တော် အစည်းအဝေး၌ပြောကြားခဲ့ပါသည်။

အိန္ဒိယအစိုးရသည် အတ္တမနိဗ္ဗာဘာရတ် (Atmanirbhar Bharat) ခေါ် ကိုယ်ပိုင်စွမ်းအားဖြင့် ရှင်သန်ရပ်တည်ရေး ရည်မှန်းချက်အား ဖော်ဆောင်ရာတွင် လယ်ယာကဏ္ဍ၌ လိုအပ်သောဥပဒေမူဘောင်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအဖြစ် အဆိုပါ ဥပဒေမူကြမ်း ၃ ခုကို လွှတ်တော်သို့တင်သွင်းခဲ့ခြင်းဖြစ်ပြီး အလုပ်အကိုင်များဖန်တီးမှုနှင့်အတူ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်လာစေရန် လယ်ယာကဏ္ဍ၌ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

Source:
1. Three bills aimed at transformation of agriculture and raising farmers' income introduced in Lok Sabha today, 14 Sept 2020, Press Information Bureau of India
2. Lok Sabha clears Bill to take out onion, potato from essential commodities list, 15 Sept 2020, The Hindu Businessline
3. Opposed by opposition & BJP ally SAD, bill to replace farm ordinance passed in Lok Sabha, 15 Sept 2020, The Print
4. Agriculture minister strongly defends the two farm sector reform Bills, 17 Sept 2020, Economic Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ကိုရိုနာဗိုင်းရပ်စ်ပိုးကို သေစေနိုင်သည့် ခရမ်းလွန်ရောင်ခြည်သုံး စက်ရုပ်ကို ဂျပန်တီထွင်




ဂျပန်သုတေသန ပညာရှင်များက ၎င်းတို့တီထွင်ခဲ့သည့် အင်အားပြင်း ခရမ်းလွန်ရောင်ခြည် အသုံးပြုကာ ကိုရိုနာဗိုင်းရပ်စ်ပိုးကို သေစေနိုင်သည့် စက်ရုပ်၏ အကျိုးရှိထိရောက်မှုကို အတည်ပြုခဲ့ကြကြောင်း သိရပါသည်။

တိုကျိုမြို့တော်၊ အိတ္တဘာရှိ (Itabashi) မြို့နယ်တွင်ရှိသည့် ကုမ္ပဏီတစ်ခုက မြို့နယ်ရုံးနှင့် Nihon တက္ကသိုလ်၏ အိတဘာရှိ ဆေးရုံတို့နှင့် ပူးပေါင်းကာ စက်ရုပ်တစ်ခုကို တီထွင်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါစက်ရုပ်တွင် မီးလုံး ၈ လုံးပါဝင်ပြီး စက်ရုပ်က အလိုအလျောက် လမ်းလျှောက်သွားနေစဉ် ဗိုင်းရပ်စ်ပိုးများဖြင့် ညစ်ညမ်းနေနိုင်သည့် အဆောက်အဦးနံရံများနှင့်ကြမ်းပြင်များအပေါ်သို့ အင်အားပြင်းခရမ်းလွန်ရောင်ခြည်များကို ထုတ်လွှတ်ပေးကြောင်း သိရပါသည်။

အဆိုပါစက်ရုပ်မှ အချိန်အတိုင်းအတာတစ်ခုအထိ အင်အားပြင်းခရမ်းလွန်ရောင်ခြည်များကို ထုတ်လွှတ်ပေးခြင်းအားဖြင့် ဗိုင်းရပ်စ်ပိုးများ မရှိတော့သည့်အနေအထားအထိ လျှော့ချပေးနိုင်ကြောင်း အသုံးဝင်မှုဆိုင်ရာစမ်းသပ်စစ်ဆေးမှုများက သက်သေပြသနေသည်ဟု သုတေသနပညာရှင် Aida Yoko သတင်းထောက်များအား ပြောကြားခဲ့ပါသည်။

ခရမ်းလွန်ရောင်ခြည်များက လူသားများကို အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် ညအချိန်ကဲ့သို့ ပတ်ဝန်းကျင်၌ လူမရှိသည့်အချိန်များမှသာ အဆိုပါစက်ရုပ်ကို အဝေးကထိန်းချုပ်၍ မောင်းနှင်သွားရမည်ဖြစ်ပါကြောင်း၊ စက်ရုပ်ကို လူအများ အပြားလာရောက်သည့် အဆောက်အဦးများတွင်အသုံးပြုရန် များစွာသင့်လျော်ပါကြောင်းဟု စက်ရုပ်တီထွင်ထုတ်လုပ်သည့် ကုမ္ပဏီမှအရာရှိတစ်ဦးက ပြောကြားခဲ့ကြောင်းသိရပါသည်။

Source: The Cabinet Office of Japan, The Prime Minister's Office of Japan, METI(Japan), The Japan Times, NHK World News, The NNA News Asia, The Japan Agriculture News.

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## COVID-19 ကြောင့်ထိခိုက်ရသည့် ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် စတုတ္ထအကြိမ်မြောက် ဖြည့်စွက်ရန်ပုံငွေကို သမ္မတမွန်ဂျေအင်းက ထပ်မံခွင့်ပြုချထားပေးမှု

COVID-19 ကပ်ဘေးသက်ရောက်မှုကြောင့် ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးကျဆင်းမှုကို ပြန်လည်တိုးတက်နိုင်စေရေးအတွက် ကိုရီးယားဝမ် (၇.၈) ထရီလီယံ (အမေရိကန် ဒေါ်လာ ၆.၅၇ ဘီလီယံ) ကို ၂၀၂၀ ပြည့်နှစ်အတွက် စတုတ္ထ အကြိမ်မြောက် ဖြည့်စွက်ရန်ပုံငွေအဖြစ် ထပ်မံခွင့်ပြုချထားပေးရေးကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား သမ္မတ မွန်ဂျေအင်းက (၁၀-၉-၂၀၂၀) ရက်နေ့တွင် အိမ်ပြာတော်၌ကျင်းပပြုလုပ်ခဲ့သည့် (၈)ကြိမ်မြောက် အရေးပေါ် စီးပွားရေး ကောင်စီအစည်းအဝေး(8th Emergency Economic Council Meeting)၌ ထုတ်ဖော်ပြောကြားခဲ့ပါသည်။

အစိုးရဆိုသည်မှာ တိုင်းသူပြည်သားများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည့် အားလျော်စွာ ကြီးလေးသောတာဝန်များနှင့်အတူ ပိုမိုကောင်းမွန်သည့် အစီအမံများကိုလည်းဖော်ဆောင်သွားမည် ဖြစ်ကြောင်း၊ ယခု စတုတ္ထအကြိမ်မြောက် ဖြည့်စွက်ရန်ပုံငွေသည် COVID-19 ကာလတွင် ငွေကြေးထိခိုက်မှုအများဆုံးခံစားခဲ့ရသော စီးပွားရေးကဏ္ဍ များနှင့်လုပ်ငန်းရှင်များ အထူးသဖြင့် အသေးစားလုပ်ငန်းရှင်များ၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၊ တစ်ကိုယ်တော်သီးသန့် လုပ်ငန်းများလုပ်ကိုင်သူ Freelancer များအတွက် အံဝင်ဂွင်ကျဖြစ်စေမည့်ထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဟု သမ္မတ မွန်ဂျေအင်းက ပြောကြားခဲ့ပါသည်။

ယခုထောက်ပံ့မည့် ဖြည့်စွက်ရန်ပုံငွေအစီအစဉ်၏ တစ်ဝက်တန်ဖိုးပမာဏရှိသော ကိုရီးယားဝမ် (၃.၈) ထရီလီယံကို ဦးစွာ ပြည်သူဦးရေ (၃.၇၇) သန်းအတွက် အကျိုးပြုထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ အဆိုပါပမာဏတွင် ကိုရီးယားဝမ် (၃.၂) ထရီလီယံသည် အသေးစား စီးပွားရေး လုပ်ငန်းများနှင့် ကိုယ်ပိုင်လုပ်ငန်းငယ်လုပ်ကိုင်သူများကို ထောက်ပံ့သွားမည်ဖြစ်ပြီး၊ တစ်ဦးလျှင် ကိုရီးယားဝမ်ငွေ(၂)သန်းအထိ ငွေသားဖြင့် လက်ခံရရှိမည်ဖြစ်ကြောင်း၊ Freelancer များ၏ အလုပ်အကိုင် အခွင့် အလမ်းများကို ကာကွယ်ပေးနိုင်ရန်အတွက် ကိုရီးယားဝမ် (၁.၄)ထရီလီယံ သုံးစွဲရန်လျာထားကြောင်း၊ အစိုးရအနေဖြင့် ပြည်သူများ၏ ဘဏ္ဍာရေးဆိုင်ရာလိုအပ်ချက်များကို တတ်နိုင်သရွေ့ ဖြည့်ဆည်းပေးမည်ဖြစ်ရာ အထောက်အပံ့လိုအပ်လျက်ရှိသူ (၈၈၀,၀၀၀) ဦးတို့သည်လည်း ဤအစီအစဉ်တွင် အကျုံးဝင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကလေးစောင့်ရှောက်မှုဆိုင်ရာ ခွင့်ရက်ကာလ ကိုလည်း တိုးမြှင့်ပေးသွားမည်ဖြစ်ပြီး ကလေးစောင့်ရှောက်ရေးရန်ပုံငွေ ရရှိသင့်သည့် အိမ်ထောင်စုအရေအတွက်ကိုလည်း တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ထို့ပြင် အစိုးရနှင့် အာဏာရ ကိုရီးယားဒီမိုကရက်တစ်ပါတီ (Democratic Party of Korea-DPK) တို့သည် အသက်(၁၃)နှစ် အထက် ကိုရီးယားလူမျိုးပြည်သူအားလုံးတို့အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွက် တယ်လီဖုန်းဆက်သွယ်စရိတ် ကိုရီးယားဝမ် (၂၀၀၀၀) ကို ထောက်ပံ့ပေးသွားရန် (၉-၉-၂၀၂၀) ရက်နေ့တွင်ကျင်းပခဲ့သည့် အစည်းအဝေး၌ သဘောတူညီခဲ့ကြပြီးဖြစ်ကြောင်း၊ COVID-19 ဆိုင်ရာအခြေအနေအရ အစိုးရ၏တင်းကျပ်သည့် Social Distancing ဆိုင်ရာကန့်သတ်မှုမူဝါဒများကို လိုက်နာရာတွင်ပြည်သူများအထီးကျန်ခံစားရခြင်းမျိုးမဖြစ်စေရေးနှင့် လိုအပ်သည့်ဆက်သွယ် မှုများဆောင်ရွက်နိုင်စေရန် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်းသိရှိရပါသည်။

သို့ရာတွင် အတိုက်အခံပါတီများကမူ အစိုးရမှ အဆိုပါတယ်လီဖုန်းဘီလ် ကိုရီးယားဝမ် (၂၀၀၀၀) ထောက်ပံ့ ပေးမည့် ကိစ္စသည် တိုင်းပြည်၏ဘဏ္ဍာရေးတည်ငြိမ်မှုကို ပြည်သူများ၏ စိုးရိမ်မှုများ မြင့်တက်နေချိန်တွင် လူကြိုက်များ ထင်ပေါ်လို၍ ဆောင်ရွက်ခြင်းသာဖြစ်ပြီး၊ ဤငွေများသည် ဈေးကွက်အတွင်းသို့ ရောက်ရှိမည်မဟုတ်ဘဲ တယ်လီကွန်းကုမ္ပဏီများဆီကိုသာ

ရောက်ရှိသွားမည်ဖြစ်ကြောင်း၊ ဤသို့ထောက်ပံ့ပေးမှုသည် စီးပွားရေးနာလန်ထူမှုအပေါ် သိသာသည့်အကျိုးသက်ရောက်မှုဖြစ်စေမည်မဟုတ်ဟု ဝေဖန်ခဲ့ကြကြောင်းသိရှိရပြီး၊ အစိုးရအနေဖြင့် နိုင်ငံနှင့်ပြည်သူများအတွက် တိုးတက်အောင်ဆောင်ရွက်နေခြင်းသာဖြစ်၍ ဝေဖန်မှုများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း တာဝန်ရှိသူများ၏ ထုတ်ဖော်ပြောကြားချက်များအရ သိရှိရပါသည်။

Source: The Korea Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဆိုးလ်မြို့**

## STOCK EXCHANGE (17.9.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 17th Sep. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +100 | +1.02% | 9,900 | 9,900 | 9,900 | 27 | 267,300 | 27,112,747 | 268,416 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,650 | 3,700 | 3,650 | 3,272 | 11,946,350 | 38,929,150 | 144,038 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 22,500 | +500 | +2.27% | 22,000 | 22,500 | 21,500 | 538 | 11,936,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 255 | 688,500 | 12,823,224 | 34,623 |
| EFR | 00006 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 11 | 33,550 | 19,977,223 | 60,931 |

### Market summary

As of 17th Sep. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 434.71 | +2.65 | +0.61% | 430.75 | 434.71 | 430.75 | 4,103 | 24,871,700 | 6 | 646,837 |

**Index chart**



# Market Overview

As of 1:00 pm, 17th Sep. 2020

| MYANPIX | 434.71 ▲ 2.65 |
|---|---|
| Total Volume (shares) | 4,103 |
| Total Value (MMK) | 25 mil |
| Listed Company | 6 |
| Market Cap. (MMK) | 646,837 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 100 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 500 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 3,050 | ▲ 0 |

TIR